# မပြောင်းလဲသော သမ္မာတရားအချို့

## Some Unchanging Truths

ဤအပြောင်းအလဲမြန်နေသောကမ္ဘာတွင် ယုံကြည်သူများအတွက် နှစ်သိမ့်မှုရစေမည့် သတိထားရမည့် မပြောင်းလဲနိုင်သော သမ္မာတရား (၁၅) ခုရှိကြောင်း မှတ်သားစရာဖြစ်သည်။

1. ဘုရားသခင်သည် အချုပ်အခြာအာဏာရှိနေဆဲဖြစ်ပြီး၊ သူထောက်ပံ့ပေးသော ကျေးဇူးတော်အားဖြင့် အထက်ပလ္လင်တော်မှ ကျွန်ုပ်တို့ကို အုပ်စိုးနေပါသည်။

2. ခရစ်တော်သည် ဘုရင့်တကာတို့၏ ဘုရင်ဖြစ်နေဆဲဖြစ်ပြီး သူသည် သင်္ချိုင်းတွင်း၌ အောင်ပွဲခံပြီး မကြာမီ အချိန်မရွေး ပြန်ကြွလာမည်ဖြစ်သည်။

3. ဘုရားသခင်၏ ဝိညာဉ်တော်သည် သန့်ရှင်းသော ဥပဒေ္သာယ်ဆရာ ဖြစ်နေဆဲဖြစ်ပြီး ကျွန်ုပ်တို့အတွက် ဆုတောင်းပေးနေဆဲဖြစ်သည်။ သူသည် ပြန်လည်မွေးဖွားလာသော ယောကျ်ားနှင့် မိန်းမတို့၏အထဲတွင် ဆက်လက်နေထိုင်နေပါသည်။

4. ခရစ်တော်၏အသင်းတော်သည် မရှိမဖြစ်လိုအပ်ဆဲဖြစ်ပြီး၊ ဘုရားသခင် အုပ်စိုးမှု၊ ဝတ်ပြုကိုးကွယ်မှုနှင့် စုပေါင်းဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်များ ကြွယ်ဝစေရန်အတွက် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။

5. စာတန်သည် လူများစွာကို လှည့်ဖြားဆဲဖြစ်ပြီး သူသည် ယုံကြည်သူများနှင့် အသင်းတော်ကို လိမ်လည်လှည့်ဖြားမှုဖြင့် ဆက်လက် နှောင့်ယှက်နေသောကြောင့် ကျွန်ုပ်တို့ သတိရှိရမည်ဖြစ်သည်။

6. သန့်ရှင်းသောဧဝံဂေလိတရားသည် ဝိညာဉ်များကို ကယ်တင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်ဆဲဖြစ်ပြီး ပျောက်ဆုံးသွားသောသူများထံ ဝေမျှရန် ကျွန်ုပ်တို့၏အချိန်သည် အကန့်အသတ်ရှိသည်။

7. သမ္မာကျမ်းစာသည် မှုတ်သွင်းခံ၊ မလွဲမသွေ၊ လုံလောက်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်နေဆဲဖြစ်ပြီး ကျွန်ုပ်တို့၏အသက်တာတွင် နေ့စဉ်အသုံးပြုရန်၊ ဖတ်ရန်၊ တွေးတောဆင်ခြင်ရန် လိုအပ်ပါသည်။

8. ပဋိညာဉ်လူများနှင့်အတူ သူ၏ဗိမာန်တော်တွင် ဘုရားသခင်ကို အတူတကွပေါင်းစည်း ဝတ်ပြုခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာကျန်းမာဖို့ရန်နှင့် တက်ကြွမှုအတွက် အရေးအကြီးဆုံးဖြစ်နေဆဲဖြစ်သည်။

9. ကိုယ်တော်၏သန့်ရှင်းသောအလိုတော်ကို ဝန်ခံခြင်းဖြင့် ကျွန်ုပ်တို့၏အသနားခံခြင်းနှင့် ဆုတောင်းချက်များကို သူ့ထံယူဆောင်သွားသောအခါ ဘုရားသခင်သည် ဖြေကြားတော်မူဆဲဖြစ်သည်။

10. ကျွန်ုပ်တို့သည် ဘုရားသခင်၏ လက်နက်အပြည့်အစုံကို ဝတ်ဆင်ရန်နှင့် မကောင်းဆိုးဝါး၏ လှည့်ဖြားမှုများမှ မိမိကိုယ်ကို ခုခံကာကွယ်ရန် လိုအပ်နေဆဲဖြစ်သည်။

11. ကျွန်ုပ်တို့သည် များစွာသောသွေးဆောင်မှုများ၏ ဆိုးရွားလှသောကမ္ဘာကြီးတွင် ကျွန်ုပ်တို့ နေထိုင်သောကြောင့် အပြစ်ဝန်ခံခြင်းနှင့် နောင်တရခြင်းတို့သည် လိုအပ်နေ ဆဲဖြစ်သည်။

12. ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလ၌ အသက်ရှင်နေကြသည်ဖြစ်၍ ခရစ်တော်၏ ဒုတိယမြောက်ကြွလာခြင်းအတွက် အဆင်သင့်ပြင်ဆင်ထားရန် လိုအပ်နေဆဲဖြစ်သည်။

13. ကျွန်ုပ်တို့သည် ခရစ်တော်၏ပုံသဏ္ဍာန်နှင့်အညီ နေ့စဉ်သန့်ရှင်းခြင်း၌ ကြီးပြင်းလာသည်နှင့်အမျှ သန့်ရှင်းခြင်းနှင့် ဘုရားဝတ်ပြုခြင်းအသက်တာကို ရှာဖွေခြင်းသည် ပညတ်တော်တစ်ခု ဖြစ်နေဆဲဖြစ်သည်။

14. ခရစ်တော်သည် ကျွန်ုပ်တို့၏ကျောက်ဆောင်နှင့် ရဲတိုက်ဖြစ်နေဆဲဖြစ်ပြီး ကြောက်ရွံ့မှုနှင့် စိုးရိမ်ပူပန်မှုများကြားတွင်၊ ကျွန်ုပ်တို့အား အန္တရာယ်နှင့် ဆင်းရဲဒုက္ခများမှ ကာကွယ်စောင့်ရှောက်နေဆဲဖြစ်သည်။

15. ကျွန်ုပ်တို့သည် ဘဝ၏ခက်ခဲမှုများကို ဖြတ်သန်းစဉ်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ နှစ်သိမ့်မှုနှင့် သနားကြင်နာမှု ရှိနေဆဲဖြစ်ပြီး သူ၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် လုံလောက်ဆဲဖြစ်သည်။

ကျွန်ုပ်တို့၏ ထက်သန်သော ဆုတောင်းချက်သည် နှလုံးသားများ နိုးကြားလာပြီး ပြန်လည်ရှင်သန်လာရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်များ ကြွယ်ဝလာစေရန် ခရစ်တော်ထံသို့ ကျွန်ုပ်တို့

နှိမ့်ချစွာ ချဉ်းကပ်ခြင်းဖြင့် ခရစ်တော်နဲ့ နက်ရှိုင်းစွာဆက်ဆံရန်နှင့် ဤသမ္မာတရားများသည် အသက်တာကို ပြောင်းလဲပေးလိမ့်မည်ဖြစ်သည်။

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore